22100043

International Baccalaureate®
Baccalauréat International
Bachillerato Internacional

**BURMESE A1 – STANDARD LEVEL – PAPER 1**
**BIRMAN A1 – NIVEAU MOYEN – ÉPREUVE 1**
**BIRMANO A1 – NIVEL MEDIO – PRUEBA 1**

Thursday 13 May 2010 (afternoon)
Jeudi 13 mai 2010 (après-midi)
Jueves 13 de mayo de 2010 (tarde)

1 hour 30 minutes / 1 heure 30 minutes / 1 hora 30 minutos

INSTRUCTIONS TO CANDIDATES

- Do not open this examination paper until instructed to do so.
- Write a commentary on one passage only. It is not compulsory for you to respond directly to the guiding questions provided. However, you may use them if you wish.

INSTRUCTIONS DESTINÉES AUX CANDIDATS

- N'ouvrez pas cette épreuve avant d'y être autorisé(e).
- Rédigez un commentaire sur un seul des passages. Le commentaire ne doit pas nécessairement répondre aux questions d'orientation fournies. Vous pouvez toutefois les utiliser si vous le désirez.

INSTRUCCIONES PARA LOS ALUMNOS

- No abra esta prueba hasta que se lo autoricen.
- Escriba un comentario sobre un solo fragmento. No es obligatorio responder directamente a las preguntas que se ofrecen a modo de guía. Sin embargo, puede usarlas si lo desea.


© International Baccalaureate Organization 2010

https://xtremepape.rs/

*အောက်ပါတို့အနက်မှ တစ်ခုကို ဝေဖန်ပါ။*

**၁။**

**အလှ**

အအာတဲ့ အအာ၊
မြဗိမာန် ပင်ယံနန်းက
ခွန်းတွဲတွဲသာ။
ကျီးညိုပြာ ထံတျာနဲ့သူခွဲ။
မြဟောဝန် မြိုင်တကွေ့မှာ
တေးဖွေ့လို့ဝဲ။
တောင်စွယ်ခို နေညိုမှိုင်းတော့
ပင်ကိုင်းက ငုံ့လို့သာ
ကြည့်လိုက်တဲ့ခါ။
ကျေးတမာ ဆွေးရှာရော့ထင်ရဲ့။
လှောင်ချိုင့်ငယ် ဂေဟာလေးက
ငေးလို့မှိုင်ခဲ့။
"မြသွေးရည် မွေးညှံ့ညှံ့နဲ့
စိမ်းဖန့်ဖန့်ရွှေကြက်တူ
ဆည်းဆာယံ ထံတျာတေးကို
ကြွေးပ့ါ ကျူကျူ။
စဉ်မဖြူ ဘွင်ဆူရော့သလား။
သည်ကိုယ့်လို သံချိုထူးနဲ့
နားတင်သူစိတ်ရွှင်မြူးအောင်
ကျူးဖို့ သင့်သား"တဲ့။
"ကျူးနိုင်ဘူ့ရွှေကျီးညို
အသင့်မှာ ဘဝင်အေးဖို့
လွတ်ရေးဆို ပျော်ဘုံဆောက်
ဝမ်းမြောက်လို့ကို။
ငါ့မှာဆို မချိုဘူ့ ခုများ။
လှောင်ချိုင့်ဆို သည်အတွင်းက
ချုပ်ချယ်ကာ ဝဋ်မကင်းတယ်
ယွင်းခဲ့စိတ်ထား"တဲ့။
ချုပ်မှာပေ့ါ ရွှေကြက်တူ
အသင့်မှာ မြရည်သွေးလို့
နှုမွေးညို့ စိုစိုရှိမ်းတယ်
စိမ်းဖပ်ဖပ်လူ။
လူ့တမူ ကျူနိုင်ပေ့စကား။
နုတ်ကွေး နီတျာတျာနဲ့
လူတကာ မြင်ပြန်လိုက်ရင်
နှစ်ခြိုက်လို့သွား။
ငါတို့မှာ ဆင်းမလှတော့
ကွင်းကြပေ့ါ ထိုထိုလူ
ရေးမျှမယူ။
ထံတျာကျူ၊ ကျူပေမယ့်အလကား။
"သည်ကျီးတအာအာနဲ့
နားမသာ တော်ရာရှောင်း"လို့



https://xtremepape.rs/

မောင်းလိုက်တအား။
လူတို့မှာလည်း ထို့ပမာ
ရုပကာ လှရည်ဆန်းယင်
မှန်းကြသူငါ။
လွတ်နိုင်ပါ ရှောင်ခွာလို့ရဘူး။
အချစ်ဆို လှောင်ချိုင့်တွင်းကို
ဆင်းရတဦး။
"သွားတော့မယ်ကွဲ့ ရွှေတမာ"တဲ့
ရွှေကျီးညို ချိုချိုမြွက်လို့
နှုတ်ဆက်ခဲ့ရှာ။
လွတ်သူမှာ ပျံပါပေါ့ကလား။
မြကြောဝေမှောင်သီတဲ့
ဘွေတောင်ဆီ ဂနိုင်စိမ့်ကို
တေးလိုမ့်လို့သွား။

ငွေတာရီ၊ အလှ၊ ငွေတာရီကဗျာပေါင်းချုပ်၊ စာမျက်နှာ ၄၀၆–၄၀၈ (၁၉၆၈)

– ကဗျာခေါင်းစဉ် "အလှ"နှင့် ကဗျာပါ "အချစ်" အပေါ် ကဗျာဆရာမ၏ သဘောထားကိုဆွေးနွေးပါ။

– ကဗျာဆရာမက ကျီးနှင့် ရွှေကြက်တူတို့ကို နှိုင်းယှဉ်ရာတွင် အသံနှင့် အရောင်တို့ကို အသုံးပြုပုံနှင့် ထိရောက်ပုံကို ဆွေးနွေးပါ။

– ကဗျာဆရာက အကြောင်းအရာကို တိုက်ရိုက်ပြောမည့်အစား ကျီးနှင့် ရွှေကြက်တူတို့၏ အပြန်အလှန်ပြောဆိုမှုနှင့် "တဲ့" သုံး၍ရေးဟန်၏ ထိရောက်မှုကို ဝေဖန်ပါ။

– ဤကဗျာ၏အကြောင်းအရာအပေါ် သင်၏တုံ့ ပြန်မှုကို ရေးသားဆွေးနွေးပါ။



https://xtremepape.rs/

၂။

ညနေ ၄ နာရီ ကျောင်းလွှတ်ခေါင်းလောင်းသံသည် မောင်ချစ်၏နှလုံးသွေးကို နှိုးဆွလိုက်လေသည်။ ဘုရားရှိခိုးဆုံးခါနီး “အာမ” ဟု ဆိုမိလျှင်ပင် “ဘန္တေ”ကို မစောင့်နိုင်ဘဲ ထ၍ပြေးလေရာ အစောင့်ကိုရင်ကြီးတပါးက အလျင်လိုရကောင်းမလား ဟူ၍ ထိပ်ကို ဂေါင်ဂေါင်မြည်အောင် ခေါက်လိုက်၏။ အမှုမထားမိ။ လမ်းတွင် ခလုတ်တိုက်၍ ခြေမကွဲသွားသော်လည်း နာရမှန်းမသိ။ ဦးအောင်ချာ့ ကနားဖျင်းနားရောက်သောအခါ အတွင်းသို့ ဝင်သွားလေ၏။ ဖော့ဦးထုပ်ကိုဆောင်း၊ ဘောင်းဘီအပြာဝတ်လျက် ကွပ်ပျစ်ထက်တွင် အခန့်သားထိုင်ရင်း မင်းသမီးရုပ်ကလေးကို ဘယ်ပြန်ညာပြန် ပယ်ပယ်နယ်နယ် ကိုင်တွယ်ကြည့်ရှုနေသော လူကြီးတစ်ယောက်ကို မြင်မှသာ ကိုယ်ရှိန်သတ်၍ ပြောနေကြသောစကားကို ကြားမိလေတော့၏။

“ဘယ့်နှယ်လဲ ဆရာကြီးရဲ့။ ကျုပ်ပြောတဲ့အဖိုးနဲ့ပဲ ပေးလိုက်မယ် မဟုတ်လား။ ခင်ဗျားတို့အရပ်မှာ ဒီအရုပ်ကလေးနဲ့ တန်တဲ့အိမ် တစ်အိမ်မှ မရှိပါဘူး။ ဝယ်နိုင်မယ့်လူလည်း ရှိမှာမဟုတ်ပါဘူး။”

“မှန်ပါ။ ဝန်ထောက်မင်းဖို့ဆိုရင်တော့ အလကားတောင်းလည်း ပေးရမှာပါပဲ။ နို့ပေမဲ့ အချောသတ် အမွှမ်းတင်ဖို့ လေးငါးရက်လောက် ဆိုင်းစေချင်ပါတယ်။ ပြီးရင်ပြီးချင်း ဝန်ထောက်မင်းတို့ဆီကို လာပြီးပို့ပါမယ်။”

ထိုမျှကို ကြားရလျှင်ပင် မောင်ချစ်၏အသည်းနှလုံး အူသိမ်အူမတို့သည် ကြေကျမတတ် ဖြစ်လေ၏။ အရုပ်ကလေးကို အတင်းလု၍ပြေးလိုသောစိတ် ပေါ်လာသော်လည်း ဝန်ထောက်မင်းဟု ကြားရရုံမျှနှင့်ပင် ရင်ဒူးတုန်နေရသော မောင်ချစ်မှာ အဘယ်သို့ ဝံ့ရဲပါအံ့နည်း။ ခါးကြားက ခြောက်လုံးပြူးသေနတ်သည်လည်း မောင်ချစ်၏အကြံကို သိသည့်အလား မောင်ချစ်ဆီသို့ စိမ်းစိမ်းလှည့်၍ ခြောက်လှန့်မောင်းနှင်လေ၏။ ဝဲလာသောမျက်ရည်ကို အနိုင်နိုင်ထိန်း၍ မိမိဘက်သို့ ကျောခိုင်းနေသော ဆင်စွယ်ဒေဝီကလေးကို နောက်ဆုံးကြည့်ကြည့်လျက် ထွက်လာလေ၏။ လမ်းကြားငယ်တစ်ခုအတွင်းမှ “ဟိုကောင်ကလေး ညိုတိုတို တို့ကိုကြိုက်လို့ငို။ နင်ငိုပေမဲ့အလကား၊ တို့အမေက မပေးစား” ဟု ထွက်ပေါ်လာသော တေးသံသည် တေးဆိုသူအား နှလုံးပွားဖွယ်ပင်ဖြစ်သော်လည်း မောင်ချစ်၏နှလုံးသားကိုကား ဓားပါးနှင့် မွှန်းလိုက်လေတော့သတည်း။

၁၅ ရက်မျှကြာသောအခါ ခေါင်းထက်တွင် တဘက်ကိုယ်စီတင်ထားသော မိန်းမကြီးတစ်စုနှင့် ယောက်ျားကြီး တစ်ယောက်တို့ မောင်ချစ်တို့၏ ခြောက်သွေ့သောခြံကလေးအတွင်းသို့ ဝင်သွားသည်ကို မြင်ရပါသည်။ အိမ်ရှေ့ခွေးကတက်ကို တက်မိလျှင်ပင် တိုင်ဖုံးနား၌ မျက်ရည်စက်လက် ဦးဆံဖားလျားနှင့် ထိုင်နေသောမိန်းမတစ်ဦးသည် ယောက်ျားကြီး၏ ခြေစုံကို ပြေးဖက်လျက် “အမလေး ကိုရင်အောင်ရဲ့၊ မောင်ချစ်ဖြစ်ပျက်ပုံတွေ မြင်ဝံ့သေးရဲ့လားရှင်။ မောင်ချစ်ရေ အမေ့သားကြီးရဲ့၊ အမေလိုက်ခဲ့မယ်ကွဲ့ နော်။ ဟီး ဟီး” ဟု ဟစ်အော်ပြောဆို ငိုကြွေးမြည်တမ်းလေ၏။ ဦးအောင်ချာလည်း မောင်ချစ်အလောင်းနားတွင် မလှုပ်မယှက်ထိုင်နေသော မောင်ချစ်ဖခင်အား “ဘယ့်နှယ်ဖြစ်ရတာလဲ မောင်ဖိုးငွေရဲ့။ ကိုရင်လည်း မြို့တက်သွားတာ ဆယ့်လေးငါးရက်ကြာသွားလို့ ဘာသတင်းမှ မကြားမိဘူး။ အခုပြန်ရောက်ရောက်ချင်း အိမ်မှာ ထိုင်တောင်မထိုင်ခဲ့ဘဲ ပြေးလာခဲ့တာပါပဲကွဲ့”ဟု ပြောလေ၏။ “ကိုရင်ရယ်၊ ဘာရောဂါရယ်လို့လဲ မပြောတတ်ပါဘူး။ တမှိုင်မှိုင် တတွေတွေနဲ့ ထမင်းမစား၊ ဟင်းမစား။ တခါတလေ သူ့အမေကျွေးလို့ ဆန်ပြုတ်ကလေး တစ်ဇွန်းလောက် ဝင်သွားပေမဲ့ ချက်ချင်း အန်ပစ်လိုက်တာပဲ။ ပယောဂဆိုလို့ ဆရာသြခေါ် ပြပါလည်း ဘာမှ မထူးခြားပါဘူး။ မနေ့ညကတော့ သူ့အမေကိုခေါ်ပြီး သူစုထားတဲ့ပိုက်ဆံငါးမူးနှစ်ပြားကို သူ့ဆရာတော်ကို လှူလိုက်ပါလို့မှာပြီးတော့ ကိုရင်အောင်ကိုမေးတာပဲ။ မြို့သွားတယ်လို့ ပြောတော့ အတန်ကြာကြာ ဘာမျှမပြောဘဲ မောနေပြီး “ဘကြီးအောင်ညာတယ်”လို့ မပီတပီပြောရင်း အသက်ပျောက်သွားတာပဲ”ဟု ပြော၍ လုံချည်စဖြင့် မျက်ရည်သုတ်လေ၏။ ဦးအောင်ချာလည်း စဉ်းစား၍ အကြောင်းရင်းကို ရိပ်မိသောအခါ မျက်နှာ ညှိုးငယ်၍သွားလေတော့သည်။

မင်းသုဝဏ်၊ ဘကြီးအောင်ညာတယ် (၁၉၃၁ ခုနှစ်)

– ဦးအောင်ချာ၏ အိမ်အသွား မောင်ချစ်၏စိတ်အခြေအနေကို စာရေးဆရာ သရုပ်ဖော်ထားပုံကို ဆွေးနွေးပါ။

– ဦးအောင်ချာ၏ အိမ်မှာနှင့် ဦးအောင်ချာ၏ အိမ်ကအပြန် မောင်ချစ်အား စာရေးဆရာ သရုပ်ဖော်ထားပုံကို ဆွေးနွေးပါ။

– စာရေးဆရာ၏ ပုံရိပ်များ အသုံးပြုပုံ၊ အလင်္ကာ၊ ရသများ သုံးပုံနှင့် ထိရောက်ပုံတို့ကို ဆွေးနွေးပါ။



https://xtremepape.rs/